“မည်သူမဆို ဂျုမုအဟ်နေ့၌

ကိုယ်မသန့်ဖြစ်သည့်အခါရေချိုးသည့်အတိုင်း

ရေချိုးပြီး ဆွလာသ်ဆောက်တည်ရန် ထွက်သွားပါက သူသည်ကုလားအုတ်တစ်ကောင်လှူသည့်

အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “မည်သူမဆို ဂျုမုအဟ်နေ့၌ ကိုယ်မသန့်ဖြစ်သည့်အခါရေချိုးသည့်အတိုင်း
ရေချိုးပြီး ဆွလာသ်ဆောက်တည်ရန် ထွက်သွားပါက သူသည် ကုလားအုတ်တစ်ကောင်လှူသည့်
အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ ဒုတိယအချိန်၌သွားသောသူသည် နွားတစ်ကောင်လှူသည့်အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ တတိယအချိန်၌သွားသောသူသည်
ဦးချိုပါသောသိုးထီးတစ်ကောင် လှူသည့်အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။
စတုတ္ထအချိန်၌သွားသောသူသည် ကြက်တစ်ကောင်လှူသည့် အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။
ပဉ္စမအချိန်မှသွားသောသူသည် ဥတစ်လုံးလှူသည့်အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။
အိမာမ် ခွသ်ဗဟ်ဗဟ်ဟောကြားရန် ထွက်ခွာလာသည့်အခါ
ကောင်းကင်တမန်တော်များရောက်လာကြပြီး ခွသ်ဗဟ်ကို နားထောင်ကြပေသည်။”
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဂျုမုအဟ်ဆွလာသ်ဝတ်ပြုရန်စောစောစီးစီးသွားခြင်း၏အကျိုးကုသိုလ်ကို ဤသို့အသိပေးမိန့်ကြားထားသည်။ ဂျုမုအဟ်နေ့နေထွက်သည့်အချိန်မှစ၍ခွသ်ဗဟ် ပေးမည့်အိမာမ်ရောက်လာသောအချိန်အတောအတွင်းရောက်လာသူတိုင်းအား စောစီးစွာရောက်သူဟုသတ်မှတ်ထားပြီး ယင်းအချိန်သည်ပျမ်းမျှအားဖြင့် ငါးချိန်ရှိသည်။ ယင်းအချိန်ငါးချိန်ကိုနေထွက်သည့်အချိန်မှစ၍အိမာမ်ဗလီထဲဝင်သည်အထိ၊ ထို့နောက်ခွသ်ဗဟ်ပေးရန်မင်န်ဗရ်ပေါ်တက်ခြင်း စသည့်အချိန်များနှင့်အညီ အောက်ပါအတိုင်းအချိန်ငါးချိန်ခွဲပေးထားသည်။ ၁။ မည်သူမဆိုကိုယ်မသန့်ဖြစ်သည့်အခါရေချိုးသည့်အတိုင်း အပြည့်အဝရေချိုးပြီးဂျုမုအဟ်ဆွလာသ်ဝတ်ပြုသောဗလီသို့ ပထမအချိန်၌ထွက်ခွါသွားပါက သူသည်ကုလားအုတ်တစ်ကောင်လှူသည့် အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ ၂။ဒုတိယအချိန်၌သွားသောသူသည် နွားတစ်ကောင်လှူသည့် အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ ၃။တတိယအချိန်၌သွားသောသူသည် သိုးထီးတစ်ကောင် လှူသည့်အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ ၄။စတုတ္ထအချိန်၌သွားသောသူသည် ကြက်တစ်ကောင်လှူသည့် အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ ၅။ပဉ္စမအချိန်မှသွားသောသူသည် ဥတစ်လုံးလှူသည့်အကျိုးကုသိုလ်ရရှိမည်ဖြစ်သည်။ အိမာမ်သည်သောကြာနေ့ခွသ်ဗဟ်မိန့်ခွန်းဟောကြားရန် ထွက်လာသောအခါ၊ဗလီဝင်တံခါးများတွင်ထိုင်၍ဗလီသို့ ပထမ၊ ဒုတိယ၊ တတိယ အစဉ်အလိုက်ဝင်လာသူများ၏ကုသိုလ်ကို ရေးမှတ်နေသော မလာအိကဟ် ကောင်းကင်တမန်တော်များသည်ရေးမှတ်ခြင်းကို ရပ်တန့်ကာ အိမာမ်၏ခွသ်ဗဟ် မိန့်ခွန်းဟောကြား‌နေမှုကို နားထောင်ရန်

□□□□□□□□□□□□□

http://www.sunnah.global/hadeeth/my/show/5393